ပုံစံ (၃)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် ၁၄၁/၂၀၁၉ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ 6 ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ-၂၅၊ ပုဒ်မခွဲ(ဂ) အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်-

(၁) **ရင်းနှီးမြှုပ်နှံသူအမည်** ဦးဌေးမြင့်

(၂) **နိုင်ငံသား** မြန်မာ

(၃) **နေရပ်လိပ်စာ** အမှတ်-၁၃၀၊ ရွှေဂုံတိုင်လမ်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

(၄) **ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ** -

(၅) **ဖွဲ့စည်းရာအရပ်** -

(၆) **ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား** ငါးမွေးမြူခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ အေးခဲခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ (ငါးအစာ၊ ငါးပေါင်းမှုန့်၊ ငါးဆီ)

(၇) **ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ)** ကွင်းအမှတ်-၆၂၀(က)၊ ကျုံတုံးချောင်း၊ ကွင်းအမှတ်-၆၂၀(ခ)၊ ပဋ္ဌကုန်းနောက်၊ ကွင်းအမှတ်-၆၂၂(ခ)၊ ပိုက်တန်း၊ မြေနုကျေးရွာ၊ ကွင်းအမှတ်-၆၁၈(ခ)၊ ပဋ္ဌကုန်းအရှေ့၊ ကွင်းအမှတ်-၆၁၈(ဂ)၊ ပဋ္ဌကုန်းတောင်၊ ကွင်းအမှတ်-၆၁၉၊ ဥတို၊ ဘုရားချောင်းကျေးရွာ၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

(၈) **နိုင်ငံခြားမတည်ငွေရင်းပမာဏ** -

(၉) **နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ** -

(၁၀) **စုစုပေါင်းမတည်ငွေရင်းပမာဏ(ကျပ်)** ၂၀၀,၀၀၀.၀၀ သန်း (အမေရိကန်ဒေါ်လာ ၈၈.၄၈၂ သန်း အပါအဝင်)

(၁၁) **တည်ဆောက်မှု/ပြင်ဆင်မှုကာလ** ၃ နှစ်

(၁၂) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် သက်တမ်း** -

(၁၃) **ရင်းနှီးမြှုပ်နှံမှုပုံစံ** ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု

(၁၄) **မြန်မာနိုင်ငံတွင်ဖွဲ့စည်းမည့်ကုမ္ပဏီအမည်** ဂလိုဘယ်(လ်)အာ့သ်အဂရီအင်န် အကွာအင်ဒတ်စထရီအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

Thaung Tun

(သောင်းထွန်း)

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

စာအမှတ်၊ မရက- ၂/ ခ-၀၃၄/၂၀၁၉ (၀၄၂ - ခ)
ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်

အကြောင်းအရာ။ **Global Earth Agro & Aqua Industry Public Company Limited (ဂလိုဘယ်(လ်)အာ့သ် အဂရိုအင်န်အကွာအင်ဒတ်စထရီအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်) ၏ ငါးမွေးမြူခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ အေးခဲခြင်း နှင့် ဆက်စပ်သောလုပ်ငန်းများ (ငါးအစာ၊ ငါးပေါင်းမှုန့်၊ ငါးဆီ) ခွင့်ပြုမိန့် အပေါ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဆုံးဖြတ်ချက်**

ရည်ညွှန်းချက်။ Global Earth Agro & Aqua Industry Public Company Limited (ဂလိုဘယ်(လ်)အာ့သ် အဂရိုအင်န်အကွာအင်ဒတ်စထရီအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်)၏ (၂၉-၁၀-၂၀၁၈) ရက်စွဲပါစာ

၁။ Global Earth Agro & Aqua Industry Public Company Limited (ဂလိုဘယ်(လ်) အာ့သ်အဂရိုအင်န်အကွာ အင်ဒတ်စထရီအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်) မှ ကွင်းအမှတ်- ၆၂၀(က)၊ ကျုံတုံးချောင်း၊ ကွင်းအမှတ်- ၆၂၀(ခ)၊ ပဥ္စကုန်းနောက်၊ ကွင်းအမှတ်- ၆၂၂(ခ)၊ ပိုက်တန်း၊ မြေနုကျေးရွာ၊ ကွင်းအမှတ်- ၆၁၈(ခ)၊ ပဥ္စကုန်းအရှေ့၊ ကွင်းအမှတ်- ၆၁၈(ဂ)၊ ပဥ္စကုန်း တောင်၊ ကွင်းအမှတ်- ၆၁၉၊ ဥတို၊ ဘုရားချောင်းကျေးရွာ၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်း ဒေသကြီးရှိ ငါးမွေးမြူရေးကန်မြေ (၃၆၄၄.၁၃)ဧက အနက် မြေ (၉၀၀)ဧကတွင် ငါးမွေးမြူခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ အေးခဲခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ(ငါးအစာ၊ ငါးပေါင်းမှုန့်၊ ငါးဆီ) အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြုချက် တင်ပြခြင်း အား ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၂/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး၌ တင်ပြခဲ့ရာ ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများကို ကျင့်သုံးလျက် Global Earth Agro & Aqua Industry Public Company Limited (ဂလိုဘယ်(လ်)အာ့သ် အဂရိုအင်န်အကွာအင်ဒတ်စထရီ အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်)အား ငါးမွေးမြူခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ အေးခဲ

ခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ (ငါးအစာ၊ ငါးပေါင်းမှုန့်၊ ငါးဆီ) ဆောင်ရွက်နိုင်ရန် အတွက် ခွင့်ပြုမိန့်အမှတ်၊ ၁၄၁/၂၀၁၉ ကို ထုတ်ပေးလိုက်သည်။

၂။ Global Earth Agro & Aqua Industry Public Company Limited (ဂလိုဘယ်(လ်) အာ့သ်အဂရိုအင်န်အကွာ အင်ဒတ်စထရီအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်) အနေဖြင့် ဤခွင့်ပြုမိန့်အရ လုပ်ငန်း ဆောင်ရွက်ရာတွင် အောက်ပါ အချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) Global Earth Agro & Aqua Industry Public Company Limited (ဂလိုဘယ်(လ်)အာ့သ်အဂရိုအင်န်အကွာ အင်ဒတ်စထရီအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်)အနေဖြင့် ဤခွင့်ပြုမိန့်အရ ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၈)၊ ပုဒ်မ ၇၅၊ ၇၇၊ ၇၈ အရ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ပြဋ္ဌာန်းထားသည့် အချက်များနှင့်အညီ ခံစားခွင့်ပြုနိုင်ရန် လျှောက်ထားနိုင်သည်။

(ခ) Global Earth Agro & Aqua Industry Public Company Limited (ဂလိုဘယ်(လ်)အာ့သ် အဂရိုအင်န်အကွာ အင်ဒတ်စထရီအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်) သည် ဤခွင့်ပြုမိန့်အရ **ထုတ်လုပ်မှုရည်မှန်းချက်များကို အကောင်းဆုံး ရည်မှန်းချက်များ အဖြစ်** ထားရှိဆောင်ရွက် အကောင်အထည်ဖော်ရမည်။

(ဂ) Global Earth Agro & Aqua Industry Public Company Limited (ဂလိုဘယ်(လ်)အာ့သ် အဂရိုအင်န်အကွာ အင်ဒတ်စထရီအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်) အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၆၅ နှင့် နည်းဥပဒေ အခန်း (၂၀) တို့တွင် ပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံသူ၏ တာဝန်ဝတ္တရားများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဃ) Global Earth Agro & Aqua Industry Public Company Limited (ဂလိုဘယ်(လ်)အာ့သ် အဂရိုအင်န်အကွာ အင်ဒတ်စထရီအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်) သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် ပြဋ္ဌာန်း ထုတ်ပြန်ထားပြီးဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ

အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိသည့် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(င) Global Earth Agro & Aqua Industry Public Company Limited (ဂလိုဘယ်(လ်)အာ့သ် အဂရိုအင်န်အကွာ အင်ဒတ်စထရီအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်) သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် မီးဘေးအန္တရာယ် ထိန်းသိမ်းကာကွယ်ရေး စနစ်များကို ဝန်ခံကတိပြုထားသည့်အတိုင်း စနစ်တကျ ထားရှိဆောင်ရွက်ရမည် ဖြစ်ပြီး မီးသတ်ဦးစီးဌာန၏ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် အမိန့်များကို တိကျစွာ လိုက်နာ ဆောင်ရွက်ရမည်။ ထို့ပြင် ရေသိုလှောင်ကန်၊ မီးသတ်ဆေးဘူးများ၊ သဲအိတ်များကဲ့သို့ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မှု ဆောင်ရွက်ချက်များကို ဆောင်ရွက်ရမည်ဖြစ်ပြီး မီးငြိမ်းသတ်ရေး လုပ်ငန်းပစ္စည်းများ အသုံးပြုတတ်စေရန်အတွက် သင်တန်းများပေးခြင်းနှင့် မီးသတ်အရာရှိတစ်ဦး ခန့်အပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(စ) Global Earth Agro & Aqua Industry Public Company Limited (ဂလိုဘယ်(လ်)အာ့သ် အဂရိုအင်န်အကွာ အင်ဒတ်စထရီအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်) သည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသက်တမ်းကာလအတွင်း အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်းနှင့် လုပ်ငန်း လွှဲပြောင်းခြင်းတို့ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၇၂ နှင့် နည်းဥပဒေ ၁၉၁ အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြရမည်။

(ဆ) Global Earth Agro & Aqua Industry Public Company Limited (ဂလိုဘယ်(လ်)အာ့သ် အဂရိုအင်န်အကွာ အင်ဒတ်စထရီအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်) သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၁၉၆ အရ နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် သုံးလအတွင်း သတ်မှတ်ချက်ပါ အသေးစိတ်များပါရှိသည့် နှစ်စဉ် အစီရင်ခံစာအား သတ်မှတ်ပုံစံဖြင့် ကုမ္ပဏီ၏ ဝက်(ဘ်)ဆိုဒ် (သို့မဟုတ်) ကော်မရှင်ရုံး၏ ဝက်(ဘ်)ဆိုဒ်သို့ တင်ပြရမည်။

(ဓ) Global Earth Agro & Aqua Industry Public Company Limited (ဂလိုဘယ်(လ်)အာ့သ် အဂရိုအင်န်အကွာ အင်ဒတ်စထရီအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်) သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ၁၉၇ အရ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းအစီရင်ခံစာကို သုံးလလျှင်တစ်ကြိမ် ကော်မရှင်က သတ်မှတ် တောင်းခံသည့် ပုံစံဖြင့် တင်ပြရမည်။

၃။ Global Earth Agro & Aqua Industry Public Company Limited (ဂလိုဘယ်(လ်) အာ့သ်အဂရိုအင်န်အကွာ အင်ဒတ်စထရီအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်) အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၆၅(ဃ)အရသက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ မှတ်ပုံတင်ရန် လိုအပ်လျှင်ဖြစ်စေ သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၄။ Global Earth Agro & Aqua Industry Public Company Limited (ဂလိုဘယ်(လ်) အာ့သ်အဂရိုအင်န်အကွာ အင်ဒတ်စထရီအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်) သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် လုပ်ငန်းသဘာဝအရဖြစ်စေ၊ အခြားလိုအပ်ချက်အရဖြစ်စေ သက်ဆိုင်သည့် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ရယူရန်လိုအပ်လျှင်ဖြစ်စေ၊ သက်ဆိုင်ရာဌာနနှင့် မြေငှားရမ်းခြင်းစာချုပ်ချုပ်ဆိုသည်ဖြစ်စေ၊ မှတ်ပုံတင်ရန် လိုအပ်လျှင်ဖြစ်စေ သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပြီး မိတ္တူ(၅) စုံစီအား ကော်မရှင်သို့ပေးပို့ရမည်။

Thaung Tun

(သောင်းထွန်း)
ဥက္ကဋ္ဌ

Global Earth Agro & Aqua Industry Public Company Limited (ဂလိုဘယ်(လ်)အာ့သ် အဂရိုအင်န်အကွာအင်ဒတ်စထရီအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်)

ဖြန့်ဝေခြင်း

ပြည်ထဲရေးဝန်ကြီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

စက်မှုဝန်ကြီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

Form (3)

P000053

THE REPUBLIC OF THE UNION OF MYANMAR

Myanmar Investment Commission

PERMIT

Permit No. 141 / 2019 Dated 6 February 2019

This Permit is issued by the Myanmar Investment Commission according to the section 25, sub-section (c) of the Myanmar Investment Law-

(1) **Name of Investor** U HTAY MYINT

(2) **Citizenship** MYANMAR

(3) **Residence Address** NO. 130, SHWE GONE DAING ROAD, YAE TAR SHEA WARD, BAHAN TOWNSHIP, YANGON

(4) **Name and Address of Principle Organization** -

(5) **Place of Incorporation** -

(6) **Type of business** FISH BREEDING, PROCESSING, COLD STORAGE AND RELATED PRODUCTS (FISH FEED, FISH MEAL, FISH OIL)

(7) **Place(s) of investment Project** KWIN NO. 620-A, KYON TONE CHAUNG, KWIN NO. 620-B, PYINN MA GONE WEST, KWIN NO. 622-B, PAIK TANN, MYAY NU VILLAGE, KWIN NO. 618-B, PYINN MA GONE EAST, KWIN NO. 618-C, PYINN MA GONE SOUTH, KWIN NO. 619, U TO, PHAYAR CHAUNG VILLAGE, PANTANAW TOWNSHIP, AYEYAWADY REGION

(8) **Amount of Foreign Capital** -

(9) **Period for Foreign Capital to be brought in** -

(10) **Total Amount of Capital (Kyat)** 200,000.000 MILLION (INCLUDING US$ 88.482 MILLION)

(11) **Construction/ Preparation Period** 3 YEARS

(12) **Validity of Investment Permit** -

(13) **Form of Investment** WHOLLY MYANMAR OWNED

(14) **Name of Company Incorporated in Myanmar** GLOBAL EARTH AGRO & AQUA INDUSTRY PUBLIC COMPANY LIMITED

Thaung Tun

(Thaung Tun)

Chairman